ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လူမှုဖူလုံရေးအဖွဲ့

အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၅

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်)

## အာမခံထားသူ၏ အချိန်ပြည့်ပညာသင်ကြားနေသောသားသမီးပညာသင်စရိတ်ခံစားခွင့်များ လျှောက်ထားရန်သက်တမ်းတိုးမြှင့်သတ်မှတ်ခြင်း

၁။ လူမှုဖူလုံရေးအဖွဲ့သည် လူမှုဖူလုံရေး နည်းဥပဒေများ နည်းဥပဒေ ၁၃၅ အရ သတ်မှတ်သည့် အာမခံထားသူ၏ အများဆုံးလုပ်ခဝင်ငွေနှင့် သားသမီးပညာသင်စရိတ်ခံစားခွင့်နှုန်းထားကို ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၀၃၊ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ လူမှုဖူလုံရေးရန်ပုံငွေသို့ အနည်းဆုံး ၃၆ လ ထည့်ဝင်ကြေးငွေ ပေးသွင်းထားသည့် အာမခံထားသူ၏သားသမီးများသည် နိုင်ငံပိုင်ကျောင်းများတွင်ဖြစ်စေ၊ နိုင်ငံတော်က အသိအမှတ်ပြုထားသော ကျောင်းများတွင်ဖြစ်စေ အချိန်ပြည့်ပညာသင်ကြားနေသော သားသမီးများအား ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှ စတင်၍ ပညာသင်စရိတ် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ၁၆-၅-၂၀၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ( ၁/၂၀၂၅ )ကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ လူမှုဖူလုံရေးနည်းဥပဒေများ နည်းဥပဒေ ၁၃၂(ခ)တွင် သတ်မှတ်ထားသည့် အထောက်အထားများနှင့်အတူ အာမခံထားသူသည် သားသမီးပညာသင်စရိတ်ကို သက်ဆိုင်ရာပညာသင်နှစ်စတင်ပြီး သုံးလအတွင်း အလုပ်ရှင်မှတစ်ဆင့် သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးသို့ လျှောက်ထားရမည်ဟုဖော်ပြထားရှိပြီးဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် လျှောက်ထားရန် ကြန့်ကြာနေသော အာမခံအလုပ်သမားများ၏ အချိန်ပြည့်ပညာသင်ကြားနေသော သားသမီးများအားလုံး ရရှိခံစားနိုင်စေရန် ရည်ရွယ်၍ အကျိုးခံစားခွင့်လျှောက်ထားရမည့်ကာလအား တစ်လထပ်မံသက်တမ်းတိုးမြှင့်လိုက်သည်။

အောင်ကျော်ဟိုး

ဥက္ကဋ္ဌ

လူမှုဖူလုံရေးအဖွဲ့

စာအမှတ်၊ ၀၆၀၈/၁/လမဖ(အာမခံ) ၂၀၂၅ ( [illegible] )

ရက် စွဲ၊ ၂၀၂၅ ခု နှစ်၊ ဩဂုတ် လ ၁၆ ရက်

**ဖြန့်ဝေခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊------------------------------ ဝန်ကြီးဌာန

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ဤဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများနှင့် အဖွဲ့ရုံး၊-------------------------- ဦးစီးဌာန/အဖွဲ့ရုံး

အမိန့်ကြော်ငြာစာ စာတွဲ

ညွှန်ကြားရေးမှူးချုပ် ┐ မြန်မာနိုင်ငံ ပြန်တမ်းတွင် ထည့်သွင်းကြေညာပေးနိုင်ပါရန်

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ┘ အပိုမိတ္တူ (၅) စောင်နှင့်အတူ ပူးတွဲပေးပို့ပါသည်။

ရုံးလက်ခံ

မျှောစာတွဲ

အမိန့်အရ

(signature) ၁၆.၈.၂၀၁၅

ကျော်ကျော်ဦး

ဒေါ်တွဲညွှန်ကြားရေးမှူးချုပ်

အတွင်းရေးမှူး၊ လူမှုဖူလုံရေးအဖွဲ့